VERMONT
DEPARTMENT OF HEALTH

# သင့် COVID-19 ကာကွယ်ဆေးများကို အချိန်မီထိုးနှံခြင်း

အောက်တိုဘာလ **2023** ခုနှစ်

**အပ်ဒိတ်**

လက်ရှိ ဗိုင်းရပ်စ်မျိုးကွဲများကို ကာကွယ်ပေးသည့် 2023-2024 ခုနှစ် COVID-19 ကာကွယ်ဆေးများကို အတည်ပြုထားပြီး သုံးစွဲရန်အတွက် အကြံပြုထားပါသည်။

## 2023-2024 ခုနှစ် COVID-19 ကာကွယ်ဆေး

- အသက် 6 လနှင့်အထက်ရှိသည့် ကလေးတိုင်းသည် ပြင်းထန်သော နာမကျန်းဖြစ်မှုနှင့် ဆေးရုံတက်ရခြင်းကို ကာကွယ်ရန်အတွက် 2023-2024 ခုနှစ် COVID-19 ကာကွယ်ဆေးအသစ် (Pfizer သို့မဟုတ် Moderna) ကို အနည်းဆုံးတစ်ကြိမ် ထိုးနှံသင့်သည်။
- COVID-19 ကာကွယ်ဆေးထိုးခြင်းသည် COVID-19 ဖြစ်ပြီးသားသူများအတွက်ပင်လျှင်– ပြင်းထန်သော နာမကျန်းဖြစ်မှုမှ ကာကွယ်ပေးနိုင်ရန်အတွက် ပို၍စိတ်ချရသော နည်းလမ်းဖြစ်သည်။
- အသက် 5 နှစ်နှင့်အထက် ကလေးများသည် ၎င်းတို့၏ COVID-19 ကာကွယ်ဆေးတစ်မျိုးမျိုးကို နောက်ဆုံးထိုးထားသည့် အချိန်မှစ၍ အနည်းဆုံးနှစ်လကြာသွားပါက 2023-2024 ခုနှစ် COVID-19 ကာကွယ်ဆေး (Pfizer သို့မဟုတ် Moderna) ကို တစ်ကြိမ်ထိုးနှံနိုင်ပါသည်။
- အတန်အသင့် သို့မဟုတ် ပြင်းထန်စွာ ခုခံအားနည်းနေသည့် သူများသည် နောက်ထပ် ကာကွယ်ဆေးများထိုးရန် လိုအပ်နိုင်ပါသည်။
- အသက်6 လမှ 4 နှစ်အထိ ကလေးများသည် ကာကွယ်ဆေးထိုးထားသည့် အချိန်နှင့် ယခင် COVID-19 ကာကွယ်ဆေးများအပေါ်မူတည်၍ နောက်ထပ် ကာကွယ်ဆေးများထိုးရန် လိုအပ်နိုင်ပါသည်။

**Burmese**

## COVID-19 ကာကွယ်ဆေးများကို ရှာဖွေရန်

- 2023-2024 ခုနှစ် COVID-19 ကာကွယ်ဆေးများကို Vermont ပြည်နယ်တစ်ဝန်းရှိ အဓိက ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးရုံဆေးခန်းများ၊ ဆေးဆိုင်များ၊ ဒေသဆိုင်ရာ ကျန်းမာရေးရုံးများနှင့် အခြားနေရာများတွင် ရရှိနိုင်ပါမည်။ သင်ရက်ချိန်းယူသည့်အခါ သင်၏ အခြားပုံမှန်ကာကွယ်ဆေးများကို သွားရောက်ထိုးနှံသည့် နေရာကို ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်၍ မေးမြန်းအတည်ပြုပါ။ ကာကွယ်ဆေးထိုးနိုင်သည့် နေရာများကို Vaccines.gov တွင်ရှာဖွေပါ (အင်္ဂလိပ်ဘာသာစကားဖြင့် လင့်ခ်)။
- COVID-19 ကာကွယ်ဆေးများကို သင့်အတွက် အခမဲ့ထိုးပေးနေဆဲဖြစ်သော်လည်း ယခုအခါတွင် ၎င်းတို့အတွက် အခကြေးငွေပေးရသည့်ပုံစံမှာ အခြားကာကွယ်ဆေးများနှင့် အလားတူပင်ဖြစ်လာသည်။ လူအများစုအတွက် ၎င်းတို့၏ ကျန်းမာရေး အာမခံသည် ကာကွယ်ဆေးထိုးသည့် ကုန်ကျစရိတ်ကို ကျခံပေးပါမည်။
- ကျန်းမာရေးအာမခံမရှိသော သူများအတွက် သို့မဟုတ် ကာကွယ်ဆေး ကုန်ကျစရိတ်ကို ကျခံပေးခြင်းမရှိသော အာမခံရှိသူများအတွက် (အတွေ့ရနည်းသည်) Vermont ကာကွယ်ဆေးထိုးခြင်း အစီအစဉ် (အင်္ဂလိပ်ဘာသာစကားဖြင့် လင့်ခ်) သို့မဟုတ် CDC ၏ ယာယီ Bridge Access အစီအစဉ် (အင်္ဂလိပ်ဘာသာစကားဖြင့် လင့်ခ်) သည် ကုန်ကျစရိတ်ကို ကျခံပေးနိုင်ပါသည်။
- အခြားပြည်နယ်တွင် နေထိုင်သည့်သူများ၊ U.S. နိုင်ငံသား မဟုတ်သောသူများ သို့မဟုတ် အာမခံမရှိသောသူများအပါအဝင် လူတိုင်းသည် Vermont ပြည်နယ်တွင် ကာကွယ်ဆေးထိုးနိုင်ပါသည်။

မှတ်ချက်-Medicaid သည် Vermont ဆေးဆိုင်များတွင် ကာကွယ်ဆေးထိုးရန် Medicaid အာမခံရှိသော ကလေးများအတွက် ကုန်ကျစရိတ်ကို ကျခံမပေးပါ။

**Burmese**

## ကာကွယ်ဆေးထိုးရန်အတွက် အကူအညီ

- ကျန်းမာရေးအာမခံမရှိသောသူတိုင်းသည် ဒေသဆိုင်ရာ ကျန်းမာရေးရုံးများတွင် (အင်္ဂလိပ်ဘာသာစကားဖြင့် လင့်ခ်) ရက်ချိန်းယူခြင်းဖြင့် ကာကွယ်ဆေးထိုးနိုင်ပါသည်။ ဒေသဆိုင်ရာ ကျန်းမာရေးရုံးများက အသက် 65 နှစ်အောက် ကျန်းမာရေးအာမခံရှိသူများအား ၎င်းတို့တွင် အကြိုအပို့ယာဉ် မရှိခြင်း သို့မဟုတ် အခြားအတားအဆီးများကြောင့် အခြားနေရာများမှနေ၍ ကာကွယ်ဆေးလာရောက်မထိုးနိုင်ပါက ၎င်းတို့ကို ကာကွယ်ဆေးထိုးရန်အတွက်လည်း ကူညီပေးနိုင်ပါသည်။
- ယာဉ်စီးနင်းဖို့ လိုအပ်ပါသလား။ COVID-19 ကာကွယ်ဆေးထိုးရန်အတွက် သင့်တွင် အကြိုအပို့ယာဉ် မရှိပါက သင့်ဒေသဆိုင်ရာ အများပြည်သူ ယာဉ်လိုင်းဝန်ဆောင်မှုပေးသူကို ဆက်သွယ်ပါ သို့မဟုတ် Vermont အများပြည်သူ ယာဉ်လိုင်းအဖွဲ့ (VPTA) (အင်္ဂလိပ်ဘာသာစကားဖြင့် လင့်ခ်) ဖုန်းနံပါတ် 833-387-7200 ကို ခေါ်ဆိုပါ။
- အချက်အလက်များ ပိုမိုသိရှိလိုသော အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် ဒုက္ခသည်အသိုင်းအဝိုင်း အဖွဲ့ဝင်များသည် Vermont တွင် နေထိုင်သည့် အာဖရိကလူမျိုးများဆိုင်ရာ အဖွဲ့ (အင်္ဂလိပ်ဘာသာစကားဖြင့် လင့်ခ်) (AALV) ဖုန်းနံပါတ် 802-985-3106 ကို ဆက်သွယ်နိုင်ပါသည်။

Burmese